

လရောင်လင်း
Piano Ghost

# 1

တိတ်ဆိတ်ပြီး အမှောင်ထုဖုံးလွှမ်းနေတဲ့ ညအချိန်လေးမှာ ပိုးကောင်မွှားကောင်လေးတွေရဲ့ အော်မြည်သံ တသဲ့သဲ့က နေရာယူထားလို့ နေသည် ။

ကောင်းကင်ရှိ လမင်းဟာလည်း ဘယ်ဆီကို ပျောက်ဆုံးလို့ နေသည် မသိ။ ကောင်းကင်မှာ လမရှိသည် က တကယ်ပင် အသက်မဲ့လှသည် ။

ညည့်နက် လာလေလေ ပို၍ စိတ်ခြောက်ခြားဖွယ် ကောင်း လာလေလေပင်။ မကြာခင်မှာ ပဲ တိတ်ဆိတ်နေသော ပတ်ဝန်းကျင် တစ်ဝိုက်မှ ခြေသံတချို့ကို ကြားလာရလေပြီ။

ဘေးပတ်ဝန်းကျင်ရှိ သစ်ပင်တို့ မှ ကြွေကျထားသော သစ်ရွက်ခြောက်တို့ ဟာ သူ့ခြေထောက်အောက်မှာ တကျွတ်ကျွတ် အသံမြည်လျက်သား .. ...

မှောင်မည်းနေသော ထိုနေရာကို လက်မှာ ကိုင်ထားသော လက်နှိပ်ဓာတ်မီးနှင့် အလင်းပြုလို့ နေသည် ။

"အမယ်လေး။ ဘာကြောက်စရာ ရှိတာလိုက်လို့ ။ သရဲဆိုတာ တကယ်မရှိပါဘူးလေ"

အရမ်းတိတ်ဆိတ် နေသည် မို့ စိတ်ထဲကသိကအောက် ဖြစ်ရသော်လည်း မကြောက်အောင် သူ့ကိုယ်သူ ပြန်ဖေးမနေသည့်နှယ်။

ထိုသူဘယ်များ သွားနေတာပါလိမ့် .. ... .

. .. အာဝူး ... ဝုတ် . ... ဝုတ် .. ... အာဝူး .. ... . .

ဝုတ် ... ဝုတ် ...

တိတ်ဆိတ်နေစဉ်မှာ ပဲ ဘယ်ကမှန်းမသိသော ခွေးများ အူသံကြောင့် ထိုတစ်ယောက်ခမျာ လက်မွေးတွေ ထလို့ လာသည် ။

"ချီးပဲ။ ဘာလို့ ဒီအချိန်မှ ထအော်ရလဲခွေးရာ။ လန့်သွားတာပဲ။ စိတ်လျှော့ ရန်နိုင်။ စိတ်လျှော့ ... မင်းဘာမဖြစ်ဘူး ... မကြောက်နဲ့ ... မကြောက်နဲ့ ။ ငါယောကျ်ားစစ်ကြောင်း သူတို့ ကို သက်သေပြဖို့ လိုတယ်။ ငါသွားရမယ် ... ."

ထိုခွေးအူသံတွေကို အံတုပြီး သူ့ကိုယ်သူ ဖေးမရင်း နောက်ဆုံးတော့ သူဦးတည်သွားတဲ့ ထိုနေရာကို ရောက်လာခဲ့ပြီ။

ဟောင်းနွမ်းနေတဲ့ ဝင်္ကပါဆန်သော တိုက်ကြီးတစ်ခုပါ။ မဝင်ရဆိုတဲ့ ဆိုင်းပုဒ်ကို ချိတ်ဆွဲထားပြီး ... တံခါးတွေ ပိတ်ထားသည် ။ သော့ခတ်မထားသည် က လက်ထည့်စမ်းချင်တဲ့ ကျောင်းသားတွေအဖို့ အခွင့်ကောင်း ဖြစ်နေသည် ကို ကြီးကြပ်သူတွေ သတိမထားခဲ့လေသလား။

ရန်နိုင်တစ်ယောက် ထိုအဆောက်ဦ ဟောင်းကြီးထဲကို ဝင်ပြီးနေပြီ။

အပြင်ဘက်ကထက်ကို ပိုမှောင်မိုက်နေတာမို့ သူ့ခြေထောက်တွေ တုန်လာသည် ။ ဒါပေမဲ့ ဟိုဟိုဒီဒီ ဓာတ်မီးလေး တစ်လက်နဲ့ သူလျှောက်နေသည် ။

"ဘာ ... ဘာမှ မရှိပါဘူး။ ဒါအဆောက်ဦကြီးပါပဲ ... ဘာမရှိပါဘူး ..
."

ပြောပြောဆိုဆိုနဲ့ သူ့ခြေလှမ်းတွေက အပေါ်ထပ်ကို တက်လို့ သွားနေသည် ။

"ဟော့ ... ဘယ်မှာ လဲသရဲ။ ငါမကြောက်ဘူးကွ။ ထွက်ခဲ့စမ်း ... ငါ ပြောနေတယ်လေ ... ."

ထိုတိုက်ကြီးမှာ သူ့ရဲ့ အသံက မြည်ဟိန်းတက်လာသလိုလို တစ်စုံတစ်ယောက်ကို စိန်ခေါ်သလိုလည်း ဖြစ်ချင်ဖြစ်နေမည်။

ဒါပေမဲ့ အခြေအနေ တစ်ခုထိတော့ ငြိမ်သက်နေတာမို့ သရဲမရှိဘူးလို့ ရန်နိုင်ထင်ချင် ထင်သွားနိုင်သည် ။ ထိုအတွေးကြောင့် သူ့မျက်နှာက ကျေနပ်သည့်ပုံ ပေါ် လာပြီး ကြောက်လန့်မှုကင်းမဲ့စွာ အပေါ်ထပ်ကို ရောက်သွားတော့သည် ။

"ငါထင်သားပဲ သရဲမရှိပါဘူး . ... လို့ .. ... . လို့ .. ... . ."

သူစကား ပြောနေတုန်းမှ မဆုံး .. ... အပေါ်ထပ်နံရံတစ်ခုမှာ မြင်လိုက်ရသော အရိပ်မည်းကြီးတစ်ခု။

"ဘာကြီးလဲ ... ."

အမှောင်ထဲမို့ သူ့မျက်စိမှားသည် ဟု ထင်နေ၍ လက်ခုံဖြင့် မျက်လုံးနှစ်ဖက်ကို ပွတ်သက်လိုက်သည် ။ ကြည်လင်နေသော ထိုအမြင်လွှာထဲမှာ အရိပ်မည်းကြီးက ပျောက်မသွား။

"ဟော့ ... အဲဒီက ဘယ်သူလဲ ... ."

ဘာကြီးမှန်းမသိပဲ ရပ်နေတာမို့ ရန်နိုင်စိတ်တို့ ထိတ်လန့် လာလေပြီ

။ လက်နှိပ်ဓာတ်မီးနဲ့ လည်း ထိုအရာကြီးကို သေချာထိုးထား၏။

."Shittttt သေစမ်း ... ."

ရုတ်တရက်ကြီးမှ သူ့လက်နှိပ်ဓာတ်မီးက မီးမလာတော့ပေ။ လက်စောင်းနဲ့ ဓာတ်မီးကို ခပ်ပြင်းပြင်း ထုလိုက်ရင်း ထိုအရာကြီးကို တစ်စိုက်မတ်မတ် ငေးကြည့်နေမိသည် ။

"ရဲသော် ... မင်းတို့ ငါ့ကိုနောက်နေကြတာမလား... ငါ့ကို ကြောက်အောင်ပြန်ဆောင် ခြောက်နေတာမလား . ... ငါမင်းတို့ ကိုမိပြီနော် .. ... ချက်ချင်းရပ်လိုက်တော့ ... ."

ပျာဝေလာသော အသံနှင့် ထိုအရာကြီးကို လှမ်းပြောသော်လည်း ထိုအရာကြီးက တုပ်တုပ်မျှမလှုပ်။

. ... ဟီး ... ဟီး ... ဟီး ... ဟီး .. ... ခ်ခ်ခ်ခ်ခ် ... ဟီး ... ဟီး ... .ဟီး

ထိုစဉ် တစ်ဟီးဟီးနဲ့ ထရယ်လာသော ထိုအသံကြီးဟာ တိတ်ဆိတ်နေသော တိုက်ကြီးထဲတွင် ပဲ့တင်သံနှင့်တကွ ပေါ်ထွက်လာရာ ရန်နိုင်ဖောချွေးတွေ ပျံလာသည် အထိပင်။

"မင်းတို့ တော်တော့လေကွာ။ ဟေ့ကောင်တွေ ... ."

မျက်ရည်တွေလည်း အလိုလို ဝဲတက် လာပြီး သူကြောက်လာတော့သည် ။ ထပြေးချင်နေတာတောင် ဒူးတွေတုန်ပြီး ရပ်တန့်နေလို့ ...

ဟား .. ... ဟား .. ... ဟား .. ... . ဟား ... .

မကောင်းဆိုးဝါး အသံကြီးကဲ့သို့ ယောကျ်ားသံ မိန်းမသံ ခွဲခြားမရအောင် လုံးထွေးကာ ဟားတိုက်ရယ်လာရာ ရပ်တန့်နေသော သူ့ခြေလှမ်းတို့ ကို အားစိုက်ပြီး သူနောက်ဆုတ်လိုက်သည် ။

... ပြန်ပေး . ... ငါ့ကိုပြန်ပေး .. ...

လည်ချောင်းကွဲသံကြီးနှင့် သူ့အနားကို တဟု န်တိုး တိုးလာတဲ့ ထိုအရာကြီးကြောင့် ရန်နိုင်ငယ်သံပါအောင် အော်တော့၏။

ထို့အပြင် တိုက်ကြီးတစ်ခုလုံးကို လွှမ်းမိုးလာသော ကြောက်စရာကောင်းသည့် piano၏ တီးခတ်သံတွေ ...

သူမြင်လိုက်ရပါသည် ။ ပွင့်ဟနေသော တံခါးကနေ အထဲမှ လူမပါပဲ တီးခတ်နေသော pianoကြီး .. ...

အသံကြားရုံနဲ့ တင် ရူးသွပ်ဖွယ် ကောင်းလွန်းလှသော တီးခတ်သံတွေ မြင့်သံတွေကိုပဲ တီးနေတာကြောင့် ရန်နိုင်ရဲ့ နားထဲမှ သွေးတွေ ယိုစီး ကျလာသည် ။

ထို့ပြင် အရိပ်မည်းကြီးရဲ့ ရယ်သံတွေပါ ပေါင်းဆင့်ပြီး ရန်နိုင်နှာခေါင်းသွေးတွေပါ ယိုလာ၏။

"ရပ်ပါတော့ .. ... . ရပ်ပေးကြပါ ... ."

ha... .ha.. ... .ha... .ပြန်ပေး... .ပြန်ပေး ... , . .

"အား ... ."

... ... ဝုန်း ... .. ... .

ရုတ်တရက် အမြင့်ကနေ ဝုန်းခနဲ ပြုတ်ကျသော ခံစားချက်ကြောင့် ရင်ထဲလှိုက်ခနဲ ခံစားသွားရကာ ရင်ဘတ်ကို ဒိုးချင်းပေါက်စိုက်ဝင်လာသော သံချွန်တစ်ချောင်း ... .

"ရန်နိုင် ... ."

ထိတ်လန့်တုန်လှုပ်စွာ ထအော်လိုက်သော ယောက်ျားတစ်ယောက်

ရဲ့ အသံကြောင့် တစ်ခန်းလုံးမှာ ရှိတဲ့ လူတွေအားလုံး ထိုလူ့ကိုလှမ်းကြည့်ကြသည် ။

"ဘာလဲဟ စာကြည့်တိုက်ထဲ လာပြီး အော်ခွဲကျိုးနေတာ... ."

လူတချို့ကတောင် သူ့ကိုတိုးတိုး ပြောလာကြလို့ ။

အတိတ်ဆိုးတို့ ဟာ အိပ်မက်ဆိုး အသွင်ပြောင်းကာ သူ့ကို ခြောက်လှန့် နေသည့်ပုံပင်။ သူ့နားထင်ထက်မှာ ချွေးသီးတို့ မိုးရေကဲ့သို့ စီးကျနေပြီ။ ကြောက်လန့်မှုကြောင့် ရေဓာတ်ကုန်ခမ်းကာ သူ့ရဲ့ မထူမပါး နှုတ်ခမ်းတစ်စုံဟာ ခါတိုင်းမှာ ပန်းနုရောင် သန်းနေခဲ့သော်လည်း ယခုတော့ဖြူ ဖက်ပြီးခြောက်သွေ့ နေသလို။

နဖူးမှ ချွေးတို့ ဟာ သူ့ရဲ့ ထူပျစ်ပျစ် မျက်ခုံးမွေးတွေကြားမှာ ဝင်ရောက် ခိုအောင်းလာသည် ။

နက်ရှိုင်းလှတဲ့ မျက်ဝန်းနက်တို့ မှာ ပုံဆိုးပန်းဆိုး သေသွားသော သူငယ်ချင်းဖြစ်သူ ရန်နိုင်ပုံရိပ်တွေကိုပြန် မြင်ယောင်ပြီး တွေဝေနေလို့ ။

*ငါအိပ်မက်မက်နေတာ ... အိပ်မက်ပါ . ... *

ဖြစ်ပျက်နေတာလား အိပ်မက်လား ခွဲခြားပြီးတဲ့ နောက်မှာ သူ့ရဲ့ စင်းလျသော မေးရိုးတစ်လျှောက်က ချွေးတို့ ကို လက်နဲ့ သပ်လိုက်ပြီး စားပွဲရှိ ဖတ်လက်စ စာအုပ်ကို ကောက်သိမ်းကာ နေရာမှ ထသွားတော့သည် ။ အားလုံးကိုလည်း သူအော်လိုက်မိ၍ တောင်းပန်သည့်ပုံစံနဲ့ ဦးညွတ်ရင်း စာကြည့်တိုက်မှ ထွက်လာခဲ့၏။

***

# 2

ဒီနေ့ဟာ ထိုသူအတွက် Day Law major တတိယနှစ် နောက်ဆုံးစာမေးပွဲ ပြီးဆုံးသည့်နေ့ပင်။ စာမေးပွဲပြီးသည့်နေ့ဟာ ကျောင်းသားတိုင်းအတွက် အပျော်ရွှင်ဆုံးနေ့ ဖြစ်သော်လည်း သူ့အတွက်ကတော့ သေဆုံးသွားသော သူငယ်ချင်းဖြစ်သူ ရန်နိုင်ကို တွေးမိကာ စိတ်မကောင်း ဖြစ်နေမိတုန်းပင်။

အဲဒီနှစ်ကသာ ရန်နိုင်မသေခဲ့လျှင် ယခုဆို သူနဲ့ အတူတူ တတိယနှစ်ကို ကျော်ဖြတ်မှာ ပဲဟု တွေးမိကာ ဝမ်းနည်းနေခဲ့သည် ။ အဓိပတိလမ်းပေါ် သူတို့ အတူ လျှောက်လှမ်းခဲ့သည့် အတိတ်ကို ပြန်မြင်ရင်း ရန်နိုင်၏ တက်ကြွသော စကားသံများကို ကြားယောင်နေမိသည် ။

# ... Yay.. ... .ဒုတိယနှစ် ကျွတ်လွတ်ပြီကွ ... ဒါပြီးရင် ငါလုပ်ချင်တာ လုပ်ရတော့မယ် .. ဖာသာကိုလည်း သွားတွေ့မယ် ... .

ဒုတိယနှစ်စာမေး ပွဲပြီးဆုံးသွား၍ လွတ်လပ်ပျော်ရွှင်နေသော ရန်နိုင်တစ်ယောက် သူ့ဘေးက စစ်သွေးခန့်လက်ကို တတွဲတွဲကိုင်ဆွဲ လှုပ်ကာ မြူးတူးနေသည် ။

ရန်နိုင်သည် သူ့ကိုယ်သူ သတ္တိရှိသူတစ်ယောက် ယောကျ်ားပီသ

သောသူဟု ယူဆထားသည် ။ ဒါပေမဲ့ သူ့အပြုအမူတွေက အရမ်းက လေးဆန် လွန်းနေမှန်း ဘေးက စစ်သွေးခန့် အမြင်ပင်။

"စာမေးပွဲပြီးတာ အဲဒီလောက် ပျော်လားကွာ ... ."

"ခန့် ငါတို့ တွေ ခရစ်ယာန်ကျောင်းကို သွားလို့ ရပြီကွ အစကမေ မေက မလွှတ်ဘူး ... အခုတော့ အဖေပြောပေးတာနဲ့ ငါ့ကိုလွှတ်လိုက်ပြီ ။ မင်းကရော လိုက်မှာ မလား ... ."

ပွစိပွစိ အရမ်းနိုင်လွန်းသော သူ့ပါးစပ်ကို စစ်သွေး မည်သို့ပိတ်ရမည်မသိ။ သူမလိုက်ဘူးလို့ ငြင်းလိုက်လျှင်လည်း ဟိုကသူ့ကို ငေါက်ငမ်းပြောဆိုလာတော့မည် စိတ်ဆိုးတော့မည်ကို သူကြိုခန့်မှန်းမိသည် ။

သူလည်း နဂိုကတည်းက ဂီတဝါသနာပါသူ ဖြစ်တာမို့ မငြင်းဆန်ပဲ လိုက်ဖို့ ခေါင်းညိတ်သည် ။

"ဒါပေါ့ ... လိုက်မှာ ပေါ့ . ... ဟိုကျရင်မင်းနဲ့ ငါ ဂီတာပြိုင်တီးမယ် .. . ဟား ... ဟား ... ."

တစ်ချိန်က အဓိပတိ လမ်းမပေါ်မှာ ရယ်မောခဲ့တဲ့ သူတို့ ရယ်သံတွေကို ယခုတစ်ခါ စစ်သွေးပြန်ကြားလို့ နေသည် ။

မျက်ဝန်းထဲမှာ လည်း သူ့သူငယ်ချင်းရဲ့ ပုံရိပ်တို့ ကို မြင်ယောင် လာပြီး လျှောက်လှမ်းနေသော ခြေလှမ်းတို့ မှာ တုံ့ဆိုင်းလာသည် ။ ရန်နိုင်သေခဲ့သည် မှာ သူနှင့်မကင်းသလို ခံစားရ၍ ဖြစ်သည် ။

*ငါတောင်းပန်ပါတယ် ရန်နိုင် . ... မင်းအစား ငါသေပေးချင်ပါတယ် ... ငါ့ကို ခွင့်လွှတ်ပေးပါနော်*

တစ်လမ်းလုံး သူ့ကိုယ်သူ အပြစ်မကင်းသည့်ပုံနှင့် လျှောက်လှမ်း

ကာ သူ့အခန်းသို့ ပြန်သွားလေသည် ။

ခြောက်ကပ်နေတဲ့ သူ့အခန်းထဲ ရောက်တဲ့ အခါ သက်ပြင်း အကြိမ်ကြိမ်ချရင်း ... ရေတစ်ဗူးကို ဖွင့်သောက်လိုက်သည် ။

*ကျောင်းတောင် ပိတ်သွားပြီပဲ ... ဒီတစ်ခေါက်တော့ ငါတစ်ယောက် တည်းပဲ သွားရတော့မှာ ပဲရန်နိုင် . ... ခရစ်ယာန်ကျောင်းကို သွားမယ် ဆိုပြီးငါ့ကိုဂျိုကျ လှည့်ပါဦး ... .*

တွေးလိုက်တိုင်း ရန်နိုင်သေတဲ့ မြင်ကွင်းကိုပဲ မြင်ယောင်နေလို့ အတွေးကို ကြိုးစားဖျောက်ဖျက်ရင်း သူ့ကိုယ်သူ အပြစ်ရှိသလို ခံစားရ သည် ။

" ငါ ဒီတစ်ခါသွားရင် မင်းသေရတဲ့ အကြောင်းရင်းမှန်ကို မရရ အောင် ဖော်ထုတ်ခဲ့ပ့ါမယ် ရန်နိုင် အဲဒီတိုက်ကြီးအကြောင်း ငါအကုန် သိအောင် ကြိုးစားပ့ါမယ် ဘယ်သူက အဲဒီတိုက်ကြီးမှာ ရှိနေတာလဲ ဘာကြောင့်လူတွေကို ဒုက္ခပေးနေရတာလဲ အမှန်ကို မသိမချင်း ငါပြန်မ လာဘူးလို့ ကတိပေးတယ် ... ."

အကြောင်းမဲ့စွာ သေဆုံးခဲ့ရတဲ့ ရန်နိုင်အကြောင်းကို တွေးလိုက် တိုင်း ထိုတိုက်ကြီးကို စစ်သွေးမျက်မုန်း ကျိုးနေမိသည် ။

"ငါပြန် လာပြီ Gurdian ... ."

***

လူတစ်ယောက်၏ မောပန်းစွာ ရှိုက်ဖိုသံတွေ…

တိတ်ဆိတ် မှောင်မိုက်သော လူပျက်သည့် ထိုလမ်းလေးမှာ ပြေးလွှားနေသော ခြေသံတစ်စုံဟာ ခြောက်ခြားမှုအသွင် ဆောင်လို့ နေသည် ။

ဘွတ်ဖိနပ်တစ်ရံကို ဝတ်ဆင်ထားသည် ထင်ရသော်လည်း ခြေတစ်ဖက်မှာ ဖိနပ်မပါပဲ အတင်းပြေးလွှားနေမှုကြောင့် ခြေဖဝါးတို့ သွေးစို့နေပေပြီ။… .. … .

အဆုံးမရှိသော အမှောင်လမ်းကြီးထဲမှာ ထိုတစ်စုံတစ်ယောက်ဟာ ခြေဦးတည့်ရာ လျှောက်ပြေးနေပုံရသည် ။ အရမ်းလည်း မောလွန်းလာတာကြောင့် တစ်နေရာရာမှာ ဝင်ခိုနေဖို့ ပြင်နေပုံပင်။

"ဟော့ .. … . မပြေးနဲ့ .. … . ဟော့ … ."

အနောက်မှာ လည်း အနက်ရောင် အနောက်တိုင်းဝတ်စုံတွေနှင့် အဖွဲ့သားတွေ … ထိုတစ်ယောက်ကို အတင်းလိုက်ဖမ်းနေပုံရ၏။

အနောက်မှ လိုက်လာသူတွေရဲ့ လက်ထဲကို အရောက်မခံချင်သည့် စိတ်နှင့် ထိုတစ်ယောက်မှာ ကြောက်လန့်တုန်လှုပ်စွာ ပြေးနေတော့သည် ။

အား .. … . မလုပ်ပါနဲ့ … အား .. …

"အစ် … ."

ကားပေါ်မှာ အိပ်ငိုက်ခြင်းက ရန်ဖန်ရန်ခါမှာ အိပ်မက်ဆိုးတွေကို သယ်ဆောင်လာစေသည် ဆိုတဲ့ အသိပေးစာသားဟာ ဒီတစ်ခါတော့

ရှားယံထက်အတွက် ယုံချင်စရာပါ။

ဒီတစ်ခါ ကားပေါ်မှာ အိပ်ငိုက်လာတာဟာ တစ်ခါမှ မမက်ဖူးသော အိပ်မက်ဆိုးကို မက်စေခဲ့တော့သည် ။

*တကယ်ဆိုးတဲ့ အိပ်မက်ပဲ ... မောလိုက်တာ . ... *

ရွေ့လျားနေဆဲ ကားပေါ်ကနေ ရှားယံထက်တစ်ယောက် မှန်ပြတင်းမှ အပြင်ပတ်ဝန်းကျင်ကို တစ်ချက်ငေးကာ စိတ်ကြည်လာအောင် မျက်စိကစားလိုက်၏။

တကယ်တော့ ရှားဟာ အသက်၁၈နှစ် ရှိပြီဖြစ်ပြီး ITကျောင်းသားတစ်ယောက်ပင် ဖြစ်ပါတယ်။ ITကျောင်းသားပီပီ သူ့ရဲ့ နှာပြားပြားလေးထက်မှာ မျက်မှန်တစ်လက်က နေရာယူနေဆဲ။

မျက်နှာသွင်ပြင်ဟာ လုံးဝိုင်းနေပြီး တကယ်ပင် ပြည့်ဖြိုးသော ကလေးတစ်ယောက်ဟု ယူဆရသည် ။ မိန်းမချော လေးများကိုတွေ့ရင် စိတ်ထဲမရှိသော်လည်း လိုက်ငေးတတ်သော အကျင့်ရှိသည် ။

ဒါပေမဲ့ သူ့ရဲ့ ထူးခြားချက် တစ်ခုကတော့ မျိုးရိုးလိုက်ပြီး မည်သို့မျှ ပြုပြင်၍ မရသော နီကြောင်ကြောင် စုတ်ဖွာဖွာ ဆံပင်တွေပင်။

ထိုဆံပင်တို့ ဟာ တဝဲလည်လည်နှင့် သူ့နဖူးပြင်ကို ထိခတ်နေတော့သည် ။

အိပ်မက်ကြောင့် အနည်းငယ် စိတ်ထိခိုက်သွားရ၍ လည်ပင်းထက်က သူ့ရဲ့ အဆောင်ဟု ဆိုနိုင်သော ပယင်းဆွဲသီးနှင့် ဆွဲကြိုးလေးကို လက်နှင့်ဆုပ်ကိုင် ထားရှာသည် ။

*တကယ်အိပ်မက်ဆိုးကြီး မက်လိုက်တာပဲ။ မယုံနိုင်ဘူး။ ဒါနဲ့ အဲဒီ အိပ်မက်ထဲက ပြေးနေတဲ့ သူက ငါလည်း မဟုတ်ပဲနဲ့ ဘာလို့ မာနေတာ

ပါလိမ့်။ အဲဒီခြေထောက်တွေကရော ယောကျ်ားလေးလား . ... မိန်းက လေးလား ... ဟာ . ... သွားစမ်းပါ ... အိပ်မက်ပဲကို ... .*

အိပ်မက်မက်လိုက်ပြီဆိုလျှင်နယ်ချဲ့တွေးတတ်တဲ့ သူ့ခေါင်းကိုသူ လက်နဲ့ ပြန်ရိုက်လိုက်ရင်း အတွေးတို့ ကို ဖျောက်လိုက်သည် ။

"Gurdian ကျောင်းနားကို ဆင်းမယ့်သူရှိလား ... ."

ထိုစဉ်ကားသမားက အော်ပြောလိုက်တာကြောင့် ရှားတစ်ယောက် ချက်ချင်းပင် ထရပ်လိုက်၏။

"ကျွန်တော်ပါ ... ကျွန်တော် ... ."

"ဟုတ်ပြီ ... ရောက်ပြီကလေး ... ."

မကြာခင်မှာ ပဲ အထုပ်အပိုး တချို့နဲ့ ရှားတစ်ယောက် Gurdianဆိုတဲ့ ခရစ်ယာန် ကျောင်းတော်ကြီးကို ရောက်လို့ လာသည် ။

ဂိတ်ပေါက်ကနေစပြီး ထိုကျောင်းကြီးဟာ တကယ်ပင်ရှိန်သည် ။ ဂိတ်စောင့်က သူ့ကို တံခါးဖွင့်ပေးလိုက်၍ သူ့အထုပ်တွေနှင့်အတူ ကျောင်းထဲသို့ ရောက်သွား၏။

သစ်ပင်အပေါင်း ခြံရံကာ တင့်တယ်နေသော လမ်းမကြီးတစ်လျှောက် ရှားတစ်ယောက် ကြည်နူးစွာ လျှောက်လှမ်းလာသည် ။ လေညှင်းလေးများ ဟာလည်း တဖြူးဖြူး တိုက်ခတ်နေတာမို့ အရမ်း အေးချမ်းတာပဲလို့ တောင် ထင်မိသည် ။

"တကယ်သာယာတဲ့ ကျောင်းကြီးပဲ ... ."

Gurdianခရစ်ယာန် ကျောင်းကြီးဟာ အနုပညာဂီတပေါင်းစုံ သင်ကြားပေးတဲ့ ကျောင်းကြီးပါ။ ကျောင်းပိတ်ရက်တွေမှာ သင်ကြား

လေ့လာ ယူလို့ ရအောင် ကျောင်းပိတ်ရာသီမှာ ပဲ ဖွင့်တာဖြစ်ပါတယ်။

ခရစ်ယာန်ဝင်တွေကိုပဲ သင်ကြားပေးခြင်း ဖြစ်ပါတယ်။

သင်ကြားသူတွေအတွက် နေထိုင်စရာ အပြည့်အစုံအပြင် စားသောက်ဖို့ ပါ ပူစရာမလိုပေ။

အဆောင်တွေ ဆောက်လုပ်ပေးထားပြီး ယောကျ်ား မိန်းမ အဆောင်တွေက မြောက်ကိုရီးယားနှင့် တောင်ကိုရီးယားလိုပါ။

ဘာပဲဖြစ်ဖြစ် သပ်ရပ်သန့်ရှင်းပြီး စည်းမျဉ်း စည်းကမ်းတွေလည်း ချမှတ်ထားတာမို့ ထိုကျောင်းကြီးဟာ နည်းစနစ်ကျသည် ဟု ဆိုနိုင်သည် ။

***

# 3

ရှားလည်း အရင်ဆုံး ဘုရားဝတ်ပြု သွားလိုက်ပြီး ကျောင်းအုပ်ဖာသာအခန်းကို သွားရှာတော့သည် ။

ပတ်ဝန်းကျင်မှာ လည်း သူ့လိုကိုယ်လို လာကြတဲ့ သူတွေ အများကြီးပင်။ လူတွေရှုပ်ယှက် ခတ်နေတာမို့ ရှားတစ်ယောက် ယောင်လည်လည်ဖြစ်နေတော့သည် ။

"ဖာသာအခန်းကို ဘယ်မှာ သွားရှာ ရမှာ လဲဟာ"

များ ပြားလှသော အခန်းတွေကြောင့် သူမျက်စိလည်စ ပြုလာသည် ။

မတတ်နိုင်တော့တာနဲ့ လမ်းမှာ တွေ့တဲ့ မိန်းကလေးတစ်ယောက်ကို လက်ဆွဲမေးလိုက်၏။

"ဟို ... ဖာသာအခန်းက ဘယ်မှာ လဲသိလား . . ."

ယောကျ်ားတစ်ယောက်ရဲ့ ထိကိုင်ခြင်းကို ခံလိုက်ရ၍ ထိုမိန်းကလေး လန့်သွားသည့်ပုံနှင့် လက်ကိုမြန်မြန် ရုတ်သိမ်းကာ မျက်လွှာချထား လိုက်သည် ။

"ခွင့်ပြုချက် မတောင်းပဲ ထိတွေ့ခြင်းသည် ရိုင်းစိုင်းရာ ရောက်သည်

။ အသင်ပြစ်ဒဏ် ကျလိမ့်မယ်"

စကားသံ ဖြည်းဖြည်းလေးနှင့် အေးစက်စွာ ပြောလာတော့ ထိုမိန်းကလေး စကားတွေနှင့်အတူ လေစိမ်းတို့ က သူ့ကိုရစ်ဝဲလာသည် ။

ထိုမိန်းကလေးရဲ့ မျက်နှာ အသားအရေဟာလည်း သွေးပင် မရှိလောက်အောင် ဖြူစွတ်နေကာ ကြွေရုပ်လေး တစ်ရုပ်နှင့်သာ တူနေတော့သည် ။

"ခင်ဗျာ။ ဟို ... ဖာသာအခန်းကို သိချင်လို့ ပါဗျာ ... မင်းကိုထိတွေ့ဖို့ မရည်ရွယ်ပါဘူး။ တောင်းပန်ပါတယ်နော် ... ငါဒီလိုမှ မလုပ်ရင် ငါရှာလည်နေမှာ မို့ပါ ... မင်းနာမည်လည်း မသိတော့ ..."

"ပဒ္မာ ..."

ရှားရဲ့ စကားတို့ ထစ်အနေစဉ် ထိုမိန်းကလေးရဲ့ နှင်းဆီပွင့်ဖက်နှင့်တူသော နှုတ်ခမ်းတို့ မှ နာမည်တစ်ခု ထွက်ဟလာသည် ။

"ဟန် ... ဩော် ... မင်းနာမည်က ပဒ္မာလား။ ဒါနဲ့ ဘယ်က လာတာလဲ ... အရင်ကရော ရောက်ဖူးနေကျလား။ ဘယ်မှာ ကျောင်းတက်တာလဲ။ မင်းကြည့်ရတာ ကျောင်းသူနဲ့ မတူဘူး ... ဟားဟား

ကျောင်းသူထက် ပိုလှတယ်ပြောတာ။ မင်းသမီးရှုံးတဲ့ အလှ ... အသက်ဘယ်လောက် ရှိပြီလဲ ... နာမည်က ဒါပဲလား။ ပဒ္မာ . .. အရမ်းဗိုလ်ဆန်တယ်နော် ... ငါ့နာမည်ကရှား ... ."

"ဖာသာရဲ့ အခန်းက ကျောင်းတော်ရဲ့ မြောက်ဘက်တိုက် ဒုတိယထပ် ညာဘက်ထောင့်မှာ ပါ ... တက်သွားရင် ရောက်ပါပြီ"

ရှားရဲ့ အကျင့်က အရမ်းလေများ တဲ့ စတိုင်မျိုး။ ပဒ္မာက လှသောအစားထဲမှာ ပါနေတော့ ရှားတစ်ယောက် ဆွဲထားလိုက်ချင်မိ၍ စကားပွစိ

ထိုးပြောတော့သည် ။

သို့ပေမဲ့ လူအများ စုက အဲဒီလိုလေများ တဲ့ သူတွေဆို အမြင်မကြည် တာ များ တယ်။ ပလ္လာလည်း ထိုအတိုင်းပါပဲ ... သူလေပေါတာကို မကြို က်သည့်အတွက် ကြားဖြတ်ပြောသွားကာ ထွက်သွားတော့သည် ။

"ဟော့ ... နေဦးလေ။ ရှားယံထက်လို့ ... ရှားယံထက်ပါ ဆိုနေဟာ ... .
"

ရှားလှမ်းအော်သော်လည်း မထူးတော့။ ခြေလှမ်းသွက်သွက်နဲ့ ကျော လည်လောက်ထိ ဆံနွယ်ရှည်သော ပလ္လာဟာ ထွက်သွားနှင့်ပြီ။

"အင်း ... အင်း ... မြောက်ဘက်တိုက် ဒုတိယထပ် ညာဘက်ထောင့် ...OK"

နောက်ဆုံးတော့လည်း သူ့ဘာသူပဲ ဖြေသိမ့်ရင်း လမ်းညွှန်ချက်အတို င်း ဆက်ရှာဖို့ ကြံလိုက်မိသည် ။

... ဝှစ် ...

ထိုစဉ် သူ့ဘေးကနေ မြန်ဆန်သော အရာတစ်ခု ဖြတ်သွားသည် ဟု ခံစားမိလိုက်ရ၍ ရှား ကြက်သီးဖြန်းဖြန်း ထသွားရသည် ။

" ဘာပါလိမ့် ..."

ဘေးဘင်သို့ လှည့်ကြည့်သော်လည်း ဘာမှ ရှိမနေ၍ စိတ်ထင်သည် ဟု ထင်လိုက်၏။

"ဒီက လေတော်တော် တိုက်တာပဲ ... ဟင်း ..."

ခေါင်းတရမ်းရမ်းနှင့် လေတိုက်သည် ထင်မှတ်ကာ ဖာသာအခန်းသို့ သူထွက်သွားရာ တစ်စုံတစ်ရာက သူ့၏ ကျောပြင်ကို စူးစိုက်ကြည့်နေသ

ည် ကို မသိခဲ့။

ဘုန်း ... ဘုန်း ...

ဟောခန်းကျယ်ကြီးထဲမှာ တော့ စစ်သွေးခန့်ရဲ့ ပစ္စည်းချသံတွေ ဆူညံလို့ နေသည် ။

ထိုဟောခန်းကြီးထဲမှာ သံခုတင်တွေ တန်းစီချထားပြီး တစ်ယောက်အိပ် နေရာတွေကို ခုတင်နံပါတ်နှင့်အတူ တန်းစီထားသည် ။

စစ်သွေးခန့်ကတော့ သူ ယခင်က နေခဲ့သည့်ခုတင် ၃၆မှာ ပဲ ပြန်နေရာယူလျက် ... လစ်ဟာနေသော သူ့ဘေးကပ်လျက်က ခုတင်၃၅ကို စိတ်မသက်သာစွာ ကြည့်နေမိသည် ။ အမှန်တော့ ထိုခုတင်လွတ်ဟာ တစ်ချိန်က ရန်နိုင်၏ နေရာပင် ဖြစ်ခဲ့သည် ။

*ငါပြန်ရောက် လာပြီ ရန်နိုင် ... *

အတွေးထဲမှာ တိုးတီးစွာ ရန်နိုင်ကို တမ်းတရင်း သူ နေနေမိရာ မကြာခင်၌ ဟောခန်းထဲသို့ လူတစ်စု ဝင်လာကြ၏။

"ဟေး ... အားလုံးသိပြီး ကြပြီလား? ခုတင် ၃၅ကို လူသစ်ရောက်လာ တော့မယ်တဲ့ လေ ..."

"တကယ်ဟုတ်လား ... အမယ်လေး ... ကြောက်ဖို့ ကောင်းလိုက်တာ ... လူသေထားတဲ့ ခုတင်ပေါ်ကို ဘယ်ကောင်များ လာအိပ်မလဲ မြင်ယောင်မိ ..."

"တကယ်လို့ လေ ... ရန်နိုင်က မကျွတ်ဘဲ တစ္ဆေ ... သရဲဖြစ်ပြီး အဲဒီကောင်ကို ခြောက်နေရင်ရော..."

"အီးဟီး ... ကြောက်လိုက်တာ ..."

ဟောခန်းထဲသို့ ဝင်လာသော ထိုလူတစ်စုဟာ ရန်နိုင်အကြောင်းကို အတင်းတုတ် ပြောလာကြတော့ စစ်သွေး မခံမရက်နိုင် ဖြစ်သွားခဲ့ရသည် ။ သူ့သူငယ်ချင်းကို သတ္တိစမ်းခိုင်းကာ ညအချိန် ထိုတားမြစ်နယ်ကို သွားခိုင်းခဲ့သည့် လူများ ဟာ ထိုတစ်စုပင်ဖြစ်၍ စစ်သွေး ပိုစိတ်တိုရ၏။ ဒါနဲ့ နေရာကနေထကာ ထိုအဖွဲ့ဆီသို့ လျင်မြန်စွာ သူသွားလိုက်သည် ။

"မင်းတို့ ပါးစပ် မပိတ်နိုင် ကြသေးဘူးလား ..."

စိတ်တိုတိုနဲ့ ထိုထဲက တစ်ယောက်ရဲ့ အင်္ကျီကော်လံစကို ကျစ်ကျစ်ပါအောင် သူဆုပ်ကိုင်လိုက်သည် ။

"ဟေး ဟေး ... စစ်သွေး စိတ်လျှော့ပါကွာ။ မင်းသူငယ်ချင်းထိတော့ မင်းက နာနေတာလား ..."

ထိုထဲမှ ခေါင်းဆောင်နှင့် တူဟန်ရှိသော one wayကေနှင့် နဖူးစည်းအနက်ကို စည်းထားသော သူတစ်ယောက်က ရှေ့ထွက်ကာ ပြောလာသည် ။

ထိုအခါမှ စစ်သွေးစိတ်လျှော့ပြီး လက်ကို ရုတ်သိမ်း ပေးလိုက်သော်လည်း ထိုခေါင်းဆောင်ကို မျက်စောင်း ထိုးကြည့်ထားတာ မရပ်။

"မင်းကြောင့် ... မင်းကြောင့် သေသွားတဲ့ သူတစ်ယောက်ကို မင်းက အားမနာတဲ့ အပြင် ဘာတဲ့ သရဲဟုတ်လား။ သူသရဲဖြစ်နိုင်စရာ အကြောင်းမရှိဘူး။ ရန်နိုင်က စိတ်ထားကောင်းတယ် ... ဖြူစင်တယ်။ မင်းလို မညစ်ပတ်ဘူး ... မင်းကသာ သေရင်သရဲဖြစ်မှာ ကွ"

စစ်သွေး ဒေါသအရမ်းထွက်ပြီး ထိုခေါင်းဆောင်ကို လက်ညှိုးငေါက်ငေါက်ထိုးပြောကာ ရန်တွေ့လာသည် ။

"ဘာလဲ စစ်သွေး။ ငါ့ကိုကြိုဆိုတဲ့ စကားကြီးကလည်း မသာယာလိုက်တာ ... ရန်နိုင်က ငါ့ကြောင့်သေတာမှ မဟုတ်တာ။ သူ့ဘာသူ ခြေကမြင်းလို့ ဖြစ်သွားတာလေ ..."

"အဲဒီခြေက မင်းကြောင့်ကမြင်း တတ်သွားတာလေ ရဲသော် ... ဒါမင်းကြောင့်ကွ ..."

"သူ့ဘာသူ သေတာလေ။ ကမြင်းကြောထတဲ့ အကောင် သေရင်သရဲပဲ ဖြစ်မှာ "

"သူမင်းကို လာခြောက်လိမ့်မယ်။ မင်းကို သတ်ပစ်လိမ့်မယ် ..."

စစ်သွေးဘယ်လိုမှ မခံနိုင်တော့ပဲ ရဲသော်ကို သရဲအခြောက်ခံရပ့ါစေဟု သာ ကျိန်ဆဲနေမိသည် ။ သူဖြစ်ပျက်နေတဲ့ ပုံက ရဲသော်နဲ့ သူ့အပေါင်းအပါတွေအတွက် ရယ်စရာ ဖြစ်လို့ နေသည် ။

"ဟား ... ဟား ... ဟား ... စစ်သွေး ... မင်းက သရဲရှိတာ ယုံတယ်ပေ့ါ။ မင်းက စောက်ရူးပဲ ..."

"မင်း ... ."

သူ့ကို ဆဲလိုက်တာမို့ စစ်သွေးစိတ်အရမ်း တိုသွားပြီး လက်သီးနဲ့ ထိုးဖို့ ရွယ်လိုက်စဉ် သူတို့ ကြားထဲ တိုးဝင်လာသော ကောင်လေး တစ်ယောက်ကြောင့် စစ်သွေးရပ်တန့် သွားသည် ။

သူ့နားထက်လောက် အရပ်ရှိသော ထိုကောင်လေးက လက်ညှိုးကိုနှုတ်ခမ်းရှေ့သို့ ကပ်တေ့လိုက်ကာ ဆရာသမားစတိုင်နှင့် ပြော လာလေသည် ။

"ရှူး ... ရှူး ... ဒါကခရစ်ယာန် ကျောင်းလေ မဆဲရဘူး။ ငရဲကျတတ်တယ်။ ဒီဘက်က အစ်ကိုကလည်း တစ်ဖက်လူကို နာကျင်အောင် မလုပ်

ရဘူး။ သူတစ်ပါးကို ထိခိုက်အောင်လုပ်ရင် ကိုယ်လည်း တစ်နေ့ နာကျင်မယ်တဲ့ ..."

တစ်ခါမှ မမြင်ဖူးသော ထိုသူစိမ်းကောင်လေးက ဘယ်သူများ လဲ စစ်သွေးစိုက်ကြည့်ရင်း စိတ်တိုနေသော အခိုးအငွေ့တွေက ထိုကောင် လေးရဲ့ ဆုံးမစကားအောက်မှာ ကျရှုံးသွားခဲ့ပါပြီ။

အကုန်လုံးလည်း ထိုကောင်လေးကို ကြောင်ကြည့်နေမိကြသည် ။

"အင် ... မင်းကဘာလဲ"

သူတို့ ကို လာဆုံးမနေတော့ ထိုကောင်လေးကို ခါးထောက်လျက် ရဲ သော်ပြောလာသည် ။ ဒါပေမဲ့ ထိုကောင်လေးကတော့ ဆုံးမစကားဆို ကာ ရန်ပွဲကို ရပ်စေပြီးသော် သူ့အထုတ် သူဆွဲကာ နေရမယ့် နေရာသို့ ထွက်သွားတော့သည် ။

"ဒီကောင် ဘာကောင်လဲဟ"

"အေးလေ။ ဆံပင်ကလည်း စုတ်ဖွာနေတာပဲ ငှက်သိုက်ကျနေရော .. ."

ရဲသော်နဲ့ အဖွဲ့တွေ တိုးတီးပြောနေသော်လည်း စစ်သွေးတစ် ယောက် ထိုကောင်လေးကို ငေးကြည့်နေမိသည် ။

ထိုကောင်လေးရဲ့ ခြေလှမ်းတွေက ခုတင်၃၅ရောက်တော့ ရပ်သွား ကာ သူ့အထုပ်တွေကို ခုတင်ပေါ် ဝုန်းခနဲ ပစ်ချလိုက်၏။

"ဟော့ ... မင်းအဲဒါဘာလုပ်တာလဲ"

သူ့သူငယ်ချင်း ခုတင်လေးမို့ စစ်သွေးလန့်ပြီး အော်မေးလိုက်မိသည် ။

"ဒါ ကျွန်တော့် နေရာလေဗျာ ..."

ဘုမသိဘမသိနဲ့ အေးအေးဆေးဆေး ပြောလိုက်သော ထိုကောင်လေးစကားက အကုန်လုံးကို အံ့သြမှု ဖြစ်စေခဲ့သည်။

"ဘာ ... မင်းနေရာ"

"ဘာ ... မင်းနေရာ"

အကုန်လုံးလည်း တအံ့တသြနဲ့ ပြိုင်တူမေးလိုက်မိကြသည်။

***

4

ရဲသော်နဲ့ အဖွဲ့တွေကတော့ လူသေထားတဲ့ ခုတင်ပေါ်မှာ အိပ်မည့် ရှားယံထက်အစား စိတ်မသဒီ ဖြစ်လို့ နေကြသည် ။

ရှားကတော့ ဘာမျှမသိ။ သူ့ပစ္စည်းလေးတွေကို သေချာ နေရာချနေရင်း အလုပ်ရှုပ်နေ၏။

စစ်သွေးခန့်ကတော့ သူ့ဘေးချင်းကပ်လျက် ခုတင်မှာ ထိုင်နေရင်း l ap top သုံးနေမိသည် ။

ဗလာစာအုပ် တချို့ထည့်ထားသော ဂျပ်စက္ကူ ပုံးတစ်ခုကို ရှားတစ်ယောက် ကုန်းယူလိုက်စဉ် သူ့မျက်မှန်ဟာ တစ်ယောက်ယောက် ဆွဲဖြုတ်ချလိုက်သလို ခံစားလိုက်ရကာ သူ့နှာတံလေး ထက်ကနေ ဘုတ်ခနဲ ကြမ်းပြင်ပေါ် ပြုတ်ကျသွားပါသည် ။

... ဖက်ဟ် ...

"ဟာ ..."

သူပုံးကို မ အပြီးမှ မျက်မှန်က ကျသွားသည် မို့ ပုံးကိုပြန်ချရမလို ပြီးမှ မျက်မှန်ပြန်ကောက် တပ်ရမလို ဒွိဟကြီး ဖြစ်သွားသည် ။

" နေ ... နေ ... အစ်ကိုကောက်ပေးမယ်"

ထိုအချိန်မှာ အလိုက်သိသော စစ်သွေးက ကြမ်းပြင်ပေါ်က သူ့မျက်မှန်ကို ကောက်လိုက်ကာ သူ့ကိုပြန်တပ် ပေးလိုက်၏။

"ကျေးဇူးပဲအစ်ကို"

သူ့ကို အလိုက်တသိ ကူညီပေးတော့ ရှားလည်း အသံငယ်လေးနှင့် ကျေးဇူးစကား ဆိုလာခဲ့သည် ။ စစ်သွေးမှာ တော့ သူ့လက်ထဲက ပုံးကိုစိတ်ရောက် နေမိ၏။

"ဒီလောက်အများကြီး မင်းဘာတွေ သယ်လာတာလဲ ..."

သူ့ကြည့်ရတာလည်း မနိုင်မနင်းနှင့် အမြင်မတော်တာမို့ စစ်သွေး ကူမပေးလိုက်၏။ ထို့နောက် ပုံးကို ခုတင်ဘေးက ငါးပေခွဲ အမြင့်ရှိသည့် ဗီရိုလေးပေါ် ပင့်တင် ပေးလိုက်သည် ။

"ကိုင်း ... ရပြီ"

"ကျေးဇူးတင်ပါတယ် အစ်ကို။ ကျွန်တော်ဒါတွေကို အလကားနေရင်း အလကား သယ်လာတာ မဟုတ်ပါဘူး။ ဝါသနာတွေ ပါနေလို့ ပါဗျာ ..."

ကူညီပေးရင်းနဲ့ ရှားစကားကြောင့် သူတို့ နှစ်ယောက် စကားစမြည် ပြောဖြစ်ကြတော့သည် ။

"ငါ့ညီက ဘာတွေ ဝါသနာပါလို့ လဲ"

"ကျွန်တော်က စာမူတင်တဲ့ အလုပ်လုပ်တယ်လေ။ စာမူတင်ရတာ ကျွန်တော့်ဝါသနာ ..."

"သြော် ... အဲဒါတွေအကုန်လုံး ဝတ္ထုစာအုပ်တွေလားဟ"

ဗိုရိုပေါ်က ပုံးကို စစ်သွေးလက်ညှိုး ထိုးပြရင်း မေးလာသည် ။

"ဟုတ်တယ်။ အကုန်လုံးက ကျွန်တော်ရေးထားတဲ့ ဇာတ်လမ်းတွေ ချည်းပဲ ..."

"ဟားဟား ... မင်းက စာရေးဆရာလေးပေါ့ ဒါနဲ့ များ အနုပညာ ကျောင်းကို ဘာလို့ "

"စန္ဒယား တီးသင်ချင်လို့ ။ ကျွန်တော်က စန္ဒယား အရမ်းတီးချင်တာ ။ ဒီပိတ်ရက်တွေမှာ ကျွန်တော်ကြိုးစားပြီး သင်မှာ ..."

အားကြိုးမာန်တက် ဖြစ်နေသော ရှားရဲ့ မျက်ဝန်းတွေကို ကြည့်ပြီး တက်ကြွသော သူ့သူငယ်ချင်းလေးကို ပြန်မြင်ယောင်ကာ စစ်သွေးပြုံးမိ သည် ။

"ဒါပေ့ါကွာ။ လာမှ တော့ အကျိုးရှိအောင် လုပ်ရမှာ ပေ့ါ။ မင်း နာမည် ဘယ်လိုခေါ်လဲ"

"ရှားယံထက်ပါ အစ်ကို။ ရှားလို့ ခေါ်လည်း ရပါတယ် ... အစ်ကိုက ရော"

"စစ်သွေးခန့်ပါ။ အစ်ကိုလို့ ပဲ ခေါ်ပါကွာ ငါ့နာမည်ကိုတောင် ငါသ ဘောကျတာ မဟုတ်ဘူး ။ အစ်ကိုလို့ ပဲ ခေါ်နော်"

"ဟုတ် အစ်ကို ... ဒါနဲ့ လေ ကျွန်တော့်ကို ဒီကနေရာတချို့ကို လိုက် ပြပေးပါလား ... ကျွန်တော်က အခုမှ ရောက်ဖူးတာဆိုတော့ ကျောင်းထဲ ကို မျက်စိလည်နေတယ်ဗျ..."

သူမျက်စိလည်နေတာကို ပြန်တွေးရင်း သူ့ကိုယ်သူ ရယ်ချင်လာတာ မို့ ဆံပင်ကိုလက်နဲ့ ပြန်သပ်လိုက်သေးသည် ။ သူ့အမူအရာကို ကြည့်ပြီး ရှက်နေပြီဆိုတာ စစ်သွေးသိသည် ။

"ဟား ဟား ... ဟုတ်ပါပြီကွာ။ အစ်ကို လိုက်ပို့ပေးမယ်။ မနက်ဖြန်ကျရင် ... ဟုတ်ပြီနော် ..."

"ဟုတ်"

အဆောင်ရဲ့ စည်းမျဉ်းစည်းကမ်းတွေထဲ၌ ည ၁၀နာရီမှာ မီးမှိတ်ရသည် မို့ ၁၀နာရီဆို တစ်ခန်းလုံး မည်းမှောင်ကျသွားလေသည် ။

"ကဲ ... အိပ်ကြမယ်"

"အိပ်မယ် အိပ်မယ်။ တော်ကြာ ဖာသာနဲ့ တိုးနေလို့ ငါတို့ အပြစ်ပေးခံနေရလိမ့်မယ်"

လာနေကျ ကျောင်းသားများက ကျင့်သားရနေပြီမို့ ဆယ်နာရီဆို အိပ်ရာထဲ ခေါင်းထိုးကြ၍ တစ်ခန်းလုံး တိတ်ဆိတ်ငြိမ်ကျ သွားတော့သည် ။

... Tak ... Tak ... Tak ... Tak ...

တိတ်ဆိတ်သွားတဲ့ ထိုခန်းမကြီးမှာ ကျောင်းသားသစ်လေး ရှားရဲ့ စာရိုက်သံတွေက ကျယ်လောင်နေသလို။ သာမန်အချိန်ဆို မသိသာပေမဲ့ လူအိပ်ချိန် ဆိုတော့ကား တတောက်တောက်နှင့် အသံကြားရလေသည် ။

စာရေးဆရာတွေဆိုတာ ညအလုပ်သမားနှင့် မခြားတာမို့ ရှားတစ်ယောက် ဝတ္ထုရေးရင်း မုဝင်နေလေ၏။

ရှပ် ... ရှပ် ... ရှပ် ... ရှပ်

တိတ်ဆိတ်ချိန်ဆိုတော့ ဘေးပတ်ဝန်းကျင်က အသံတွေက အလိုလိုကျယ်လောင်လာသည် ထင်ရသလို ရုတ်တရက် ဟောခန်းကြီးရဲ့ တံခါး

ဝဆီသို့ လျှောက်လှမ်းလာသော ခြေသံတချို့ကို ရှားကြားလိုက်ရသည် ။

*ဖာသာ လာတာများ လား ...*

ရှားလည်း အပြစ်ပေးခံရမှာ ကြောက်၍ ချက်ချင်း lap topကို ပိတ်ကာ ဘေးကစားပွဲပေါ် တင်လိုက်ပြီး စောင်ထဲကွေးနေ လိုက်တော့၏။ သူမျက်နှာ မူထားတာက စစ်သွေးခုတင် ဘက်ကိုပင်။ စစ်သွေးကတော့ အိပ်မောကျနေသည် ထင့်။ သူ့ဘက်ကိုတောင် မလှည့် ... ပက်လက်အနေအထားဖြင့် အိပ်ပျော်နေသည် ။

သူလည်း နောက်ကျောမှ စစ်ဆေးလာမည့် ဖာသာကို မျှော်မှန်းကာ အိပ်ချင်ယောင် ဆောင်နေလိုက်၏။

ရှပ် ... ရှပ် ... ရှပ်

သို့သော် ခြေသံတွေဟာ အထဲသို့ ရောက်မလာပဲ တံခါးဝနားတင် တဝဲလည်လည် လုပ်နေသလိုပင်။

*ဘာလား ... ဖာသာက အထဲဝင် မစစ်ဘူးလား ...*

ဖာသာဆိုလျှင် အထဲဝင်စစ်မည် သေချာသော်လည်း ထိုခြေသံဟာ ဖာသာမဟုတ်ရင် မည်သူများ လဲ ရှားသိချင်မိ၍ ပြန်ထထိုင်ဖို့ ရွယ်လိုက်သည် ။

ကျွီ ...

ထိုစဉ် ဟောခန်းတံခါးကြီးက ညှင်သာစွာ ပွင့်လာ၍ ရှားလန့်သွားပြီး ပြန်အိပ်ချလိုက်၏။

*ဖာသာ လာပြီ ငါ့ကို မြင်သွားလားမသိဘူး။ ဟာ ... ဒီလောက် မှောင်နေတာကို မမြင်ဘူး မမြင်ဘူးရယ်။ အိပ်*

မိသွားမှာ ကြောက်၍ ကိုယ်ကိုကျုံ့ကာ မျက်လုံးစုံမှိတ်ပြီး အိပ်ချင်ယောင် ဆောင်နေတော့၏။

... ရှပ် ... ရှပ် ... ရှပ် ...

ခြေသံတွေကတော့ တဖြည်းဖြည်းနဲ့ သူ့ဆီနီးကပ် လာလေသလို ...

*မြန်မြန်ကျော်သွားပါ ဖာသာရယ်။ မြန်မြန်ကျော်သွားပါ *

ဘာပဲဖြစ်ဖြစ် ဖာသာမြန်မြန်သွားဖို့ သူဆုတောင်း နေမိခဲ့သည် ။

ဒါပေမဲ့ ခြေသံတွေက သူ့ခုတင်နား အရောက်မှာ ရပ်သွားခဲ့လေသည် ။ ခြေသံ မကြားရတော့တဲ့ နောက် တစ်ခန်းလုံးဟာ တိတ်ဆိတ်နေတော့သည် ။

နဂိုကတည်းက မည်သူမျှ လှုပ်ရှားမှုမရှိတဲ့ ပုံစံလို တိတ်ဆိတ်သွားတာကြောင့် ရှားစိတ်ထဲ သံသယဝင်မိသွားသည် ။

*အသံလည်း မကြားတော့ဘူး .. .*

မျက်လုံးကသာ စုံမှိတ်ထားပေမဲ့ သူ့စိတ်ထဲမှာ တစ်စုံတစ်ယောက်က ဘေးကနေ ရပ်ကြည့်နေသလို စိမ့်ခနဲ ခံစားလိုက်ရသည် ။ ကိုယ့်ကိုယ်ကိုယ်လည်း မလုံမလဲ ဖြစ်လာမိသလို ခါးထက်က စောင်လေးကို ပခုံးထက်ထိ သူဆွဲတင်လိုက်သည် ။

*ဘုရား ... ဘုရား ... ဘာကြီးလဲ ငါ့ကိုကြည့်နေတယ် ထင်တယ်။ ဘာကြီးဖြစ်မလဲ*

သူစိုက်ကြည့် ခံနေရမှန်းသိ၍ ရှားတဖြည်းဖြည်း ကျောချမ်းလာမိသည် ။ ဒါပေမဲ့ ဘာကကြည့်နေတာလဲ ဘာကြောင့် ကြည့်နေတာလဲ သူ့စိတ်က အရမ်းသိချင်နေသည် ။ ပေတေပြီး အိပ်နေ၍ မရတော့မှန်း သူ့

ကိုယ်သူ သိတာမို့ အရဲစွန့်ပြီး တစ်ဖက်သို့ လှည့်ကြည့်လိုက်တော့သည် ။

သူလှည့်အကြည့်၌ တစ်ဖက်မှာ မျက်လုံးမျက်ဆံ ပြူးလောက်သည် အထိ ရင်ထိတ် သွားရလောက်အောင် သူ့ခုတင် ခြေရင်းမှာ မတ်တတ်ကြီး ရပ်နေတဲ့ မိန်းမကြီး တစ်ယောက်ကို တိုက်ရိုက်မြင်လိုက်ရသည် ။ တစ်ကိုယ်လုံးမှာ လည်း ပြာနှမ်းနေပြီး ဖားလားကျနေသော ဆံပင်ကြီးတွေက အုပ်မိုးနေပြီး မျက်နှာကိုတော့ မမြင်ရ။

သွေးပျက်ဖွယ် ထိုပုံစံကို မြင်ရတော့ ရှား အလန့်လွန်သွားပြီး အော်ဖို့ပင် မေ့သွားရလောက်အောင်ပင်။

ဒါပေမဲ့ ခန္ဓာကိုယ်ကလန့်ပြီး ဆက်ခနဲ ထထိုင်မိလိုက်ကာ ...

"ဘာ ... ဘာ ... ဘာကြီးလဲ ခင်ဗျား ဘယ်သူလဲ"

ကြောက်လန့်၍ စကားတွေလည်း ထစ်အလာကာ သူ့ကျောကို နံရံကပ်သည် အထိ နောက်ဆုတ်ထားမိသည် ။

မအိပ် သေးဘူးလား ... This's sleep time. မအိပ်ရင် ငါမင်းကို သတ်ပစ်မယ် ...

စူးစူးဝါးဝါး အော်ပြောသံကြီးနှင့်အတူ သူ့ခေါင်းကြီးဟာ ရမ်းခါနေပြီး ရှားဆီသို့ တိုးတိုး လာလေသည် ။ ကြောက်ဖို့ ကောင်းနေသည့် ပုံစံကြီးက သူ့အနားတိုးလာ၍ ရှားအရမ်းလန့်ပြီး ချွေးတွေ ပျံ လာလေသည် ။

"မလာနဲ့ ... မလာနဲ့ ။ အိပ်ပါ့မယ် ... ကျွန်တော်အိပ်တော့မှာ . ."

... ha ... ha ... ha ... ha ... ha ...

... ha ... ha ... ha ... ha ... ha ...

ရှားအရမ်း ကြောက်လွန်းလှ၍ ငယ်သံပါအောင် အော်လိုက်မိသည် ။

မလာနဲ့ ပြောတဲ့ အခါ ထိုမိန်းမကြီးဟာ သွေးတွေပေပွနေသော သူ့လက်ကြီးနှစ်ဖက်ကို ဆန့်ထုတ်လိုက်ပြီး ရှားရဲ့ လည်ပင်းကို လာညှစ်ဖို့ ကြံသည် ။

" ... အား ... ကယ်ကြပါဦး ... ကယ်ကြပါဦး ..."

သူမရဲ့ ရှည်လျားသော လက်သန်းတွေနဲ့ ရှားရဲ့ လည်ပင်းကို ကုတ်ခြစ်ကာ အတင်းညှစ်ပစ်၏။

အသက်ရှူ ကျပ်လာခြင်းနှင့်အတူ နီးကပ်လာတာနှင့်အမျှ ရှင်းလင်းစွာ မြင်လိုက်ရသော ထိုမိန်းမကြီး မျက်နှာကြောင့် ရှားနှလုံးရပ်မတတ်ပင် ဖြစ်ခဲ့ရသည် ။

ပြဲလန်နေသော နဖူးကြီးမှာ သောက်တွေ တွဲကပ်နေပြီး သွေးတွေ တစက်စက် ယိုစီးနေသော သူမမျက်နှာ။

"သတ်မယ်။ နင့်ကိုသတ်မယ် ..."

"မလုပ်ပါနဲ့ ။ အစ် ... အစ် ..."

... ဟော့ ... ဟော့ ... ရှား ... သတိထားပါဦး...

အိပ်ရာထဲမှာ ကြောက်လန့်တကြား အော်ဟစ်ပြီး လက်နှစ်ဖက်နှင့် ကိုယ့်လည်ပင်း ကိုယ်ပြန်ညှစ်နေသော ရှားအား တွေ့လိုက်ရ၍ စစ်သွေး ချက်ချင်းထပြီး သူ့ကို ထိန်းပေးလိုက်ရသည် ။ စစ်သွေး အရမ်းလှုပ်နှိုးမှ ရှားသတိ ရ လာလေ၏။

***